Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (022/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၂၂/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့မှ ဇွန်လ (၂၆) ရက်နေ့အထိ

နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း **(USDA)** အား ယခုလ (၉) ရက်နေ့က နိုင်ငံရေးပါတီအဖြစ် ရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုလိုက်သည့်နောက်ပိုင်း ရန်ကုန်တိုင်းမြို့နယ်အချို့နှင့် မြန်မာပြည်မြောက်ပိုင်း မြို့နယ်အချို့တွင် ၎င်းတို့ရုံးစိုက်ရာဆိုင်းဘုတ်များအား လိုက်လံဖြုတ်သိမ်းပြီး၊ ဇွန်လ ၁၈ ရက်နေ့က မန္တလေးတိုင်း အတွင်းရှိဆိုင်းဘုတ်များကိုလည်း လိုက်လံဖြုတ်သိမ်းနေကြောင်း ဒေသခံများကပြောသည်။ **(NEJ 210610)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** သည် ဇွန်လ ၂၀ ရက်နေ့က ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဟန်ပဲကျေးရွာမှ ရွာသား ၂၀ ဦးကျော်ကို ပါတီဝင်အဖြစ် အတင်းအဓမ္မစုဆောင်းခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 210610)** **Read More...**
- ချင်းပြည်နယ် ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မယက) အဖွဲ့က မြို့ပေါ်နေလူထုများကို တစ်အိမ်တစ်ယောက်နှုန်းဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** သို့ "မဝင်မနေရအမိန့်ဆိုကာ ပါတီလျှောက်လွှာဖြင့် လက်မှတ်ရေးထိုးခိုင်းသည်" ဟု ဖလမ်းမြို့မှ အမည်မဖော်လိုသူဒေသခံတစ်ဦးကပြောသည်။ **(Khonumthung 210610)** **Read More...**
- ဇွန်လ ၁၇–၁၈ ရက်နေ့တွင် စစ်အစိုးရမှ ပြည်သူများအတွက် ရွေးကောက်ပွဲဆိုင်ရာသင်တန်းများကို ဒီမောဆိုမြို့နယ်ရှိ မြို့တော်ခန်းမနှင့် ဖရူဆိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမတွင် ပို့ချပေးခဲ့သည်ဟု ကယန်းအမျိုးသမီး အစည်းအရုံးမှ မူဆိုဖီယာကပြောသည်။ **(KT 210610)** **Read More...**
- မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** စည်းရုံးရေးမှူး ဦးမျိုးမင်းလှိုင် ဦးဆောင်သောအဖွဲ့သည် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရွာဥက္ကဋ္ဌများကို တစ်ရွာလျှင် လူ ၅၀ ဦးစီစုဝေးခိုင်းကာ ဝန်ကြီးချုပ်ဦးသိန်းစိန်ဦးစီးသော ကြံ့ဖွံ့ပါတီ **(USDP)** ကို ၂၀၁၀ ရွေးကောက်ပွဲတွင် မဲထည့်ကြရန်နှင့် ပါတီဝင်ကြရန် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။ **(Mizzima 220610)** **Read More...**
- နအဖစစ်အစိုးရ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** သည် ယခုနှစ်မကုန်မီပြုလုပ်မည့်ရွေးကောက်ပွဲအတွက် ဇွန်လအစောပိုင်းမှစ၍ ကချင်ပြည်နယ် ဗိုင်းမော်မြို့တွင် တိတ်တဆိတ်လူထုစည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ဟု ဗိုင်းမော်မှ ကချင်ခရစ်ယာန် ဓမ္မဆရာတစ်ဦးကပြောသည်။ **(KNG 210610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ်မြောက်ပိုင်း တောင်ငူခရိုင် တိပ်ပုဂွင်ရှိကျေးရွာများမှ ဒေသခံရွာသားများကို နှစ်လကြိုတင်မဲပေးရန် အတွက် ဒေသခံနအဖအာဏာပိုင်များက စီစဉ်နေသည်ဟု တိပ်ပုဂွင်မှ ရွာသူကြီးများကပြောသည်။ **(KIC 220610)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** သည် လာမည့်ရွေးကောက်ပွဲအတွက် မြို့နယ်ကျေးရွာအလိုက် စည်းရုံးမှုးတစ်ဦးလျှင် ပါတီဝင် (၃၀) ဦးစီ စည်းရုံးပေးရန် တောင်းခံထားကြောင်း **(USDP)** ခေါ် ကြံ့ဖွံ့ပါတီနှင့် နီးစပ်သူများကပြောသည်။ **(NEJ 230610)** **Read More...**
- ရွေးကောက်ပွဲကော်မရှင်မှ "နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်များစုဆောင်းရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ ခွင့်ပြုချက်တောင်းခံရမည်"ဟု ဇွန်လ (၂၂) ရက်နေ့ ရက်စွဲဖြင့် ညွှန်ကြားချက် အမှတ်–၂/၂၀၁၀ ကို ထုတ်ပြန်လိုက်သည်။ **(NEJ 230610)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** မှ ပါတီဝင်စုဆောင်းရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ရခိုင်ပြည်နယ် သံတွဲမြို့ပေါ်ရှိ အစ္စလာမ်ဘာသာဝင်များကို အခွင့်အရေးဖြင့် မြူဆွယ်နေသည်ဟု သံတွဲဒေသခံတစ်ဦးကပြောသည်။ **(DVB 230610)** **Read More...**
- ရခိုင်ပြည်နယ်သို့ ရေဘေးကယ်ဆယ်ရေး အကူအညီများပေးရန် သွားရောက်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးပါတီ **(USDP)** ဥက္ကဌ၊ နအဖ ဝန်ကြီးချုပ် ဦးသိန်းစိန်က လာမည့်ရွေးကောက်ပွဲတွင် နိုင်ငံတော်အစိုးရ ထောက်ခံ သော **USDP** ပါတီကိုသာမဲပေးကြရန် ပြောကြားခဲ့ကြောင်း စစ်တွေမြို့ခံတစ်ဦးကပြောသည်။ **(NEJ 240610)** **Read More...**
- ဇွန်လ ၂၃ ရက်နေ့က သျှမ်းပြည်နှင့်ကယားပြည် စစ်တိုင်း ၃ တိုင်းချုပ် ဒု–ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကျိုင်းတုံ အခြေစိုက် တြိဂံတိုင်းတိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးတို့ မိုင်းယန်းမြို့ရှိ နအဖ အရာရှိ/စစ်သည်များအား တွေ့ဆုံစဉ် စခန်းတိုးချဲ့ ပြင်ဆင်မွမ်းမံမှုများကို စစ်ဆေးကာ၊ ဝ နှင့် မိုင်းလားတပ်ဖွဲ့၏ လှုပ်ရှားသွားလာမှုအခြေအနေများကို မျက်ခြေမပြတ်စောင့်ကြည့် သတင်းထောက်လှမ်းရန် ညွှန်ကြားခဲ့သည်ဟု တြိဂံတိုင်းစစ်တိုင်းရုံးနှင့်နီးစပ်သူ ကျိုင်းတုံဒေသခံ တစ်ဦးကပြောသည်။ **(S.H.A.N 250610)** **Read More...**
- မြန်မာနိုင်ငံမြောက်ပိုင်းအစွန်ရှိ ပူတာအိုခရိုင်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** မှ ရွေးကောက် ပွဲတွင် ၎င်းတို့ပါတီအားမဲထည့်ရန်အတွက် ဒေသခံပြည်သူများကို တစ်ဦးလျှင် ကျပ်ငွေ ၅၀၀၀ ပေး၍ စည်းရုံးနေ သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(KNG 250610)** **Read More...**
- ဖျာပုံအကျဉ်းထောင်တွင် ထောင်ဒဏ် ၆ နှစ်ကျခံနေရပြီး ရင်ဘတ်နှင့် ကျောပြင်အောင့်သည့် ဝေဒနာခံစားနေရ သောမွန္တလေးအရှေ့ တောင်မြို့နယ် **NLD** အဖွဲ့ဝင် ကိုရွှေမောင်းအား မြန်မာနိုင်ငံ ရဲအထူးသတင်းတပ်ဖွဲ့မှ ရွေး ကောက်ပွဲအပေါ် အမြင်သဘောထားနှင့် အပြင်ရောက်လာပါက နိုင်ငံရေး ဆက်လုပ်မည်လားဟု ယခုလအတွင်းမေး မြန်းမှုများရှိခဲ့သည်။ **(Irrawaddy 250610)** **Read More...**, **RFA...**

အတိုက်အခံအဖွဲ့အစည်းများ

ပြည်တွင်းအင်အားစုများ

- ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်နှင့် မိုးမောက်စသည့် မြို့နယ်များရှိ ဒေသခံလူငယ်များက နအဖမှ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်သည့် စာရွက်စာတမ်းများလိုက်လံကပ်သည့် လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့ကြကြောင်း ကိုယ်တိုင်ပါဝင်ခဲ့သူ ကချင်လူငယ်တစ်ဦးကပြောသည်။ **(DVB 200610)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီအောက်ခြေထုနှင့်ထိတွေ့ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်က မှာကြား သဖြင့် ယခုလ ၁၂ ရက်နေ့မှ စတင်၍ **CEC** အဖွဲ့ဝင် ဦးအုန်းကြိုင်နှင့်ဦးကြည်ဝင်းတို့သည် မန္တလေးတိုင်း မိုးကုတ်၊ သပိတ်ကျင်း၊ မတ္တရာ၊ ပုသိမ်ကြီး၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် မကွေးတိုင်း ပခုက္ကူသို့ သွားရောက်နေသကဲ့သို့ **CEC** အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းတင်၊ ဦးဟန်သာမြင့်နှင့် ဗဟန်းမြို့ နယ်ဥက္ကဌ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဦးအောင်မြင့်တို့သည်လည်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ သွားရောက်လျှက်ရှိသည်။ **(Mizzima 210610)** **Read More...**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်များ အစည်းအဝေးကို ဒု-ဥက္ကဌ ဦးတင်ဦးနေအိမ်တွင် ဇွန်လ ၂၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ပါတီဗဟိုနှင့် အောက်ခြေပါတီဝင်များသည် လုပ်ငန်းများအားယခင်ကဲ့သို့ ပုံမှန်လည်ပတ်နိုင်ရန် ဆွေးနွေးချမှတ်ခဲ့ကြကြောင်း **NLD** ဒု-ဥက္ကဌက ပြောသည်။ **(RFA 210610)** **Read More...**
- အထက်မြန်မာပြည်သို့ ခရီးလှည့်လည်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးအုန်းကြိုင်နှင့် ဦးကြည်ဝင်းတို့သည် ဇွန်လ ၂၂ ရက်နေ့က ပခုက္ကူမြို့သို့ရောက်ရှိပြီး အဖွဲ့ချုပ်၏ နိုင်ငံရေးရပ်တည်ချက်နှင့်လူမှုရေးလုပ်ငန်းများအကြောင်းကို မြို့နယ်တာဝန်ရှိသူများအပါအဝင် အဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့ကြသည်။ **(RFA 220610)** **Read More...**
- ဇွန်လ ၁၉ ရက်နေ့မှစ၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ သွားရောက်လှည့်လည်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်နှင့် ဦးဟန်သာမြင့်တို့က ပါတီဝင်များကို သွားရောက်တွေ့ဆုံခဲ့စဉ် "လာမည့်ရွေးကောက်ပွဲတွင် မဲမထည့်ကြရန်နှင့် မဲထည့်ရန်လိုအပ်ပါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့ကို မဲမထည့်ကြရန် ပြောကြားခဲ့သည်" ဟု ဦးဝင်းတင်က ပြောသည်။ **(Irrawaddy 230610)** **Read More...**
- ဇွန်လ ၁၁ ရက်နေ့က ရှေ့နေဦးဉာဏ်ဝင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံခဲ့စဉ် ဒေါ်အောင်ဆန်းစုကြည်က "ပြည်သူများ အနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသကဲ့သို့ မဲမပေးပဲနေပိုင်ခွင့်ရှိကြောင်း" ပြောကြားချက်ကို ရှေ့နေဦးဉာဏ်ဝင်းက မီဒီယာများသို့ပြောဆိုခဲ့သဖြင့် ဇွန်လ ၂၅ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သွားမတွေ့ခင် သက်ဆိုင်ရာအာဏာပိုင်များက ခေါ်ယူသတိပေးခဲ့သည့်အပေါ် ဒေါ်အောင်ဆန်းစုကြည်က တရားဝင်ကန့်ကွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(DVB 250610)** **Read More...**, **RFA…**, **VOA...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဦးစီးအဖွဲ့ဝင်များသည် တိုင်းနှင့်ပြည်နယ်အချို့သို့ အောက်ခြေပါတီဝင်များနှင့် လိုက်လံတွေ့ဆုံ၍ ပါတီ၏ရပ်တည်ချက်သဘောထားနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို လှည့်လည်ရှင်းလင်းချပြလျှက်ရှိသည်။ **(DVB 250610)** **Read More...**
- မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအချုပ် **NLD** လူမှုအထောက်အကူအဖွဲ့က နိုင်ငံရေးအကျဉ်းသားများကို လစဉ်ထောက်ပံ့ပေးရန် အစီအစဉ်ကို ဇွန်လ ၂၆ ရက်နေ့မှစတင်ကာ နစ်ရှင်နိုင်ငံရေးအကျဉ်းသားတစ်ဦးအတွက် လူမှုထောက်ပံ့ကြေးအဖြစ် ငွေသားငါးသောင်း ချီးမြှင့်ခဲ့ကြောင်း မန္တလေးအရှေ့မြောက်မြို့နယ် ဥက္ကဌ ဦးကိုကိုလေးက ပြောသည်။ **(DVB 260610)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ပြင်ဆင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းမပြုလျှင် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း၊ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို စဉ်းစားမည်မဟုတ်ကြောင်း မွန်ပြည်သစ်ခေါင်းဆောင်တို့သည် လွန်ခဲ့သည့် ဧပြီလ (၇) ရက်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်နောက်ဆုံးတွေ့ဆုံခဲ့စဉ်တွင် အတိအလင်းပြောဆိုခဲ့ပြီးဖြစ်သဖြင့် နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် နအဖစစ်ခေါင်းဆောင်များနှင့် ထပ်မံတွေ့ဆုံရန်မလိုအပ်တော့ကြောင်း မွန်ပြည်သစ်ပါတီက ပြောကြားလိုက်သည်။ **(NEJ 230610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒု–တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းသိန်းနှင့်တန့်ယန်းအခြေစိုက် စစ်ဇုန်ဟာမှူးဗိုလ်မှူးကြီးခိုင်ဇော်တို့ ဦးဆောင်သည့် အင်အား ၄၀ ခန့်ရှိ ကိုယ်စားလှယ်အဖွဲ့နှင့် ၀ ခေါင်းဆောင်များဖြစ်ကြသော ဒု–ဥက္ကဌ ရှောက်မင်လျံ၊ တွဲဘက်အတွင်းရေးမှူး ပေါက်ယိုယီးနှင့် ပေါက်ယိုလျံ၊ ကျောက်ကော်အန်း၊ ကျောက်ဝန်ကွမ်း၊ လီဇူးလျဲ (ခေါ်) ဦးအောင်မြင့်တို့ ပန်ဆန်းဌာနချုပ်၌ ဇွန်လ ၂၂ ရက်နေ့က ထပ်မံတွေ့ဆုံခဲ့ရာ “အသွင်ပြောင်းရေး၌ နေပြည်တော်၏စီမံကိန်းလက်မခံလျှင် အဆိုးဘက်ဦးတည်နိုင်သည်” ဟု ၀ တပ်ဖွဲ့အား နအဖကိုယ်စားလှယ်များမှ ထပ်မံဖိအားပေးခြိမ်းခြောက်ခဲ့ကြောင်း ဝတပ်ဖွဲ့နှင့်နီးစပ်သည့် ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 240610)** [Read More...]
- ဧပြီလ ၂၂ ရက်နေ့က ဥက္ကဌ ဦးလွယ်မောဝ်း ဦးဆောင်သည့် **SSA** တပ်ဖွဲ့ဝင်အချို့ မြန်မာစစ်အစိုးရအလိုကျ ပြည်သူ့စစ်အသွင်ပြောင်းဖွဲ့စည်းရန်လက်ခံလိုက်ပြီးနောက်ပိုင်း မေလအတွင်း ၎င်းတပ်ဖွဲ့မှတပ်ဖွဲ့ဝင်အမြောက်အများက **SSA** တောင်ပိုင်းနှင့် လာရောက်ပူးပေါင်းခဲ့သကဲ့သို့ ဇွန်လအတွင်း၌လည်း ၂၀ ဦးခန့် ထပ်မံလာရောက်ပူးပေါင်းခဲ့ကြောင်း **SSA** တောင်ပိုင်း အသိုင်းအဝိုင်းမှ ဆိုသည်။ **(S.H.A.N 250610)** [Read More...]

## (ခ) နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး **(KNPLF)** မှ တပ်ဖွဲ့ဝင် (၃) ဦးသည် စစ်အစိုးရတပ်များ၏ ကြီးကြပ်ကွပ်ကဲမှုကို မခံမရပ်နိုင်တော့သဖြင့် ဇွန်လ ၁၄ ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ **(KNPP)** လက်အောက်ခံ ကရင်နီတပ်မတော်ထံသို့ ထပ်မံထွက်ပြေးရောက်ရှိလာခဲ့ကြသည်။ **(KT 230610)** [Read More...]

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများသည် ပါတီအလံများကို သက်ဆိုင်ရာပါတီရုံးများတွင်သာလွှင့်ထူကြရန် ဆိုသည့်အချက်အပါအဝင် အခြားအချက်များကို ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီများအား သတိပေးလိုက်ကြောင်း ဒီမိုကရက်တစ်ပါတီ ဥက္ကဌ ဦးသုဝေကပြောသည်။ **(Irrawaddy 210610)** [Read More...]
- ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က နိုင်ငံရေးပါတီများ စည်းရုံးရေးဆင်းရာတွင် ပါတီအလံအသုံးပြုမှုကို ကန့်သတ်လိုက်သဖြင့် နိုင်ငံရေးပါတီများ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုခက်ခဲသွားကြောင်း ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဌ ကိုဖြိုးမင်းသိန်းကပြောသည်။ **(DVB 210610)** [Read More...]
- မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီသည် ပါတီအင်အားစုစည်းရန်အတွက် ဇွန်လဒုတိယအပတ်မှစ၍ မွန်ပြည်နယ်ရေးမြို့နယ်၊ လမိုင်းမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် မုဒုံမြို့နယ်များအတွင်း စည်းရုံးရေးဆင်းခဲ့ရာ စည်းရုံးရေးလုပ်ငန်းများ အောင်မြင်မှုရှိခဲ့ကြောင်း ပါတီခေါင်းဆောင် နိုင်ငွေသိန်းကပြောသည်။ **(IMNA 210610)** [Read More...]
- မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကျင်းပပြုလုပ်ရန်စီစဉ်နေသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အရည်အသွေးပြည့်ဝပြီးဖြောင့်မတ်သောခေါင်းဆောင်များ ပေါ်ထွက်လာရန်အရေးကြီးကြောင်း ၂၀၁၀ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီခေါင်းဆောင်များက ပြောသည်။ **(EMG 220610)** [Read More...]
- ရန်ကုန်မြို့နေ မွတ်စလင်အများစုဖြင့်ဖွဲ့စည်းထားသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ **(NDPD)** ကို ရွေးကောက်ပွဲကော်မရှင်က ဇွန်လ (၄) ရက်နေ့က မှတ်ပုံတင်အမှတ် (၃၁) ဖြင့် ပါတီမှတ်ပုံတင်ခွင့်ပြုလိုက်ပြီဖြစ်သဖြင့် စည်းရုံးရေးလုပ်ငန်းများ အဆက်မပြတ်လုပ်ဆောင်နေကြောင်း **NDPD** ပါတီဝင်တစ်ဦးကပြောသည်။ **(NEJ 230610)** [Read More...]
- ဒေသခံအာဏာပိုင်များ၏ ဖိအားပေးနှောင့်ယှက်မှုများကြောင့် ပါတီရုံးခန်းဌားရမ်းရန်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဒီမိုကရက်တစ်ပါတီ ဗဟိုလူငယ်အဖွဲ့အတွင်းရေးမှူး ကိုလှဌေးကပြောသည်။ **(DVB 230610)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲကော်မရှင်မှ ဇွန်လ ၂၃ ရက်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ ပါတီဝင်စုဆောင်းခြင်းဆိုင်ရာ ညွှန်ကြားချက်များသည် နိုင်ငံရေးပါတီများအတွက် အလွန်တင်းကျပ်သော စည်းကမ်းချက်များဖြစ်ကြောင်း နိုင်ငံရေးပါတီများနှင့်လေ့လာသူများကဆိုသော်လည်း ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဌ ဦးဖြိုးမင်းသိန်းက "တင်းကျပ်သည့် စည်းကမ်းချက်များ ပါဝင်နေသော်လည်း လူထုကြား စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခွင့် ရရှိရေးအတွက် မျှော်လင့်ထားသည်" ဟု ပြောကြားလိုက်သည်။ **(RFA 230610)** **Read More...**
- ရခိုင်ပြည်နယ်မှ ကမန်အမျိုးသားတိုးတက်ရေးပါတီကို ဇွန်လ ၁၆ ရက်နေ့ကလည်းကောင်း၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဇွန်လ ၂၁ ရက်နေ့ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီတည်ထောင်ခွင့်ပြုလိုက်ပြီဖြစ်သည်။ **(Narinjara 230610)** **Read More...**
- ရွေးကောက်ပွဲကော်မရှင်တွင် ဇွန်လ ၁၆ ရက်နေ့က မှတ်ပုံတင်ခွင့်ပြုလိုက်သော ကမန်အမျိုးသား တိုးတက်ရေးပါတီ အလံသည် ရခိုင်ပြည်နယ်ကိုယ်စားပြုတံဆိပ်ဖြစ်နေသဖြင့် ရခိုင်နိုင်ငံရေးသမားအချို့က ရွေးကောက်ပွဲကော်မရှင်ထံ စာရေးသားပေးပို့ ကန့်ကွက်လိုက်သည်။ **(Narinjara 240610)** **Read More...**
- လာမည့်ရွေးကောက်ပွဲတွင် မွန်ပြည်နယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** နှင့် စစ်အစိုးရအားထားသော ပါတီများကိုသာ အဓိကပြိုင်ဘက်များဖြစ်လာဖွယ်ရှိကြောင်း မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **(AMRDP)** မှဆိုသည်။ **(NEJ 250610)** **Read More...**
- နအဖ ကျင်းပမည့်ရွေးကောက်ပွဲသည် တရားမျှတမှုရှိမည်မဟုတ်ဟု သိရှိထားသော်လည်း ပြည်သူများ နိုင်ငံရေးအမြင်ပိုမိုပွင့်လင်းလာစေရန်ရည်ရွယ်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီခေါင်းဆောင်များဖြစ်ကြသော ဦးနေမျိုးဝေ၊ ခေါ်ချိုချိုကျော်မြင့်နှင့် ဦးဖြိုးမင်းသိန်းတို့ကပြောသည်။ **(Irrawaddy 260610)** **Read More...**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲပါတီများ

- ကချင်ပြည်နယ်တိုးတက်ရေးပါတီ **KSPP** သည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဧပြီလ ၅ ရက်နေ့ကတည်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့သော်လည်း ယခုအချိန်ထိ ပါတီတည်ထောင်ခွင့်ချပေးရန် ကြန့်ကြာနေခြင်းသည် တရားမျှတမှုမရှိကြောင်း ပါတီအတွင်းရေးမှူး ဦးတူးရော်ကပြောသည်။ **(Irrawaddy 220610)** **Read Mare...**
- နေပြည်တော်သို့ ဇွန်လ ၁၅ ရက်နေ့က ပါတီမှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဒုတိယအကြိမ် သွားရောက်လျှောက်ထားပြီးနောက် ကချင်ပြည်နယ်တိုးတက်ရေးပါတီ **(KSPP)** အား ပါတီတည်ထောင်ခွင့်မချပေးရန် မြန်မာစစ်အစိုးရမှ မကြေညာသော်လည်း မချပေးရန်သေချာသည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးက ပြောကြားခဲ့သည်ဟု **KSPP** အရာရှိတစ်ဦးက အတည်ပြုပြောကြားလိုက်သည်။ **(KNG 240610)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- မြန်မာစက်မှုဇုန်အလုပ်သမားများ ပူးပေါင်းဖွဲ့စည်းထားသည့် အမျိုးသားအလုပ်သမားသမဂ္ဂကို အလုပ်သမားသမဂ္ဂဖွဲ့စည်းမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၀/၁၆၁ အရ ညှိနှိုင်းဆွေးနွေးတိုင်ပင်ရန် အလုပ်သမားသမဂ္ဂ ဥပဒေရေးရာ အတိုင်ပင်ခံ ဦးဖိုးဖြူအပါအဝင် တာဝန်ရှိသူ (၇) ဦးကို ဇွန်လ ၂၂ ရက်နေ့ကဆင့်ခေါ်ခဲ့၍ သမဂ္ဂအား အသိအမှတ်မပြုနိုင်ကြောင်း ပြောကြားခဲ့သည်။ **(DVB 230610)** **Read More...**, **NEJ...**
- ဇွန်လ ၂၂ ရက်နေ့က အလုပ်သမားသမဂ္ဂ ဥပဒေရေးရာ အတိုင်ပင်ခံ ဦးဖိုးဖြူ အပါအဝင် တာဝန်ရှိသူ (၇) ဦးကို ရန်ကုန်တိုင်းရဲမှူးမှဆင့်ခေါ်၍ အလုပ်သမားသမဂ္ဂဖွဲ့စည်းရေးကို လက်မခံကြောင်း နအဖ အလုပ်သမားဦးစီးဌာန အရာရှိများနှင့်ရဲမှူးတို့က ပြောကြားခဲ့သော်လည်း သမဂ္ဂကို ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း သမဂ္ဂ၏ ဥပဒေအကြံပေးပုဂ္ဂိုလ် ရှေ့နေကိုဖိုးဖြူကပြောသည်။ **(BBC 230610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂအတွင်းရေးမှူးချုပ် **Mr. Ban Kin Moon** ၏ မြန်မာနိုင်ငံမိတ်ဆွေနိုင်ငံများအဖွဲ့ကို အိန္ဒိယပါလီမန်အမတ်များအဖွဲ့ **IPFDB** က ဇွန်လ ၁၉ ရက် နေ့တွင် "မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အချိန်ကာလတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်လွတ်မြောက်ရေးအတွက် အလေးအနက်ကြိုးပမ်းပေးရန်" တောင်းဆိုလိုက်သည်။ **(RFA 200610)** Read More...
- မြန်မာစစ်အစိုးရ၏ နိုင်ငံရေးလမ်းစဉ်အား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ကုလသမဂ္ဂအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်လုပ်ငန်းများ ပျက်ကွက်နေကြောင်း ဗြိတိသျှပါလီမတ်များအဖွဲ့က ပြစ်တင်ဝေဖန်လိုက်သည်။ **(BBC 210610)** Read More...
- မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရွေးကောက်ပွဲမတိုင်ခင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ဂျပန်လွှတ်တော်အမတ်များက နအဖ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာရေးတောင်းဆိုလိုက်သကဲ့သို့ ဩစတြေးလျအမတ်များကလည်း စစ်အစိုးရပြုလုပ်မည့် ရွေးကောက်ပွဲကို အသိအမှတ်မပြုရန် ဩစတြေးလျအစိုးရကို တောင်းဆိုလိုက်သည်။ **(RFA 230610)** Read More...
- ဗြိတိသျှလွှတ်တော်တွင် ဗြိတိသျှအောက်လွှတ်တော်အမတ် **Mr. John Bercow** မှ ဦးဆောင်၍ ဇွန်လ ၂၃ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် မွေးနေ့ပွဲအခမ်းအနားတစ်ရပ်ပြုလုပ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝဖြတ်သန်းမှုတစ်စိတ်တစ်ဒေသအဖြစ် ဒီပဲယင်းအဖြစ်အပျက်နှင့် အင်းစိန်ထောင်အတွင်း ထိန်းသိမ်းခံနေရသည့် အခြေအနေသရုပ်ပြ ပြဇာတ်တစ်ရပ် တင်ဆက်ခဲ့သည်။ **(RFA 240610)** Read More...
- **G-8** စက်မှုထိပ်သီး ၈ နိုင်ငံခေါင်းဆောင်များက အတိုက်အခံဒီမိုကရေစီအင်အားစုများနှင့် ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆက်ဆံ၍ အနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်၊ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးရန်နှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန် နအဖစစ်အစိုးရကိုတိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 260610)** Read More...

### (ခ) အစိုးရများ

- မြန်မာနိုင်ငံကို ရောက်ရှိနေသည့် အမေရိကန်အထက်လွှတ်တော်အမတ် **(John Kerry)** ၏ လက်ထောက် ရော်ဘင်လာနာ **(Robin Larner)** က သူ့မအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို လေ့လာရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ဇွန်လ ၂၂ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့သည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(VOA 220610)** Read More...
- မြန်မာပြည်သူများနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်နေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပါကစ္စတန်နိုင်ငံ လက်ရှိအာဏာရပါတီ ပါကစ္စတန်ပြည်သူ့ပါတီ **(PPP)** က **Benazir Bhutto Shaheed** ဆုအား ဇွန်လ ၂၁ ရက်နေ့က ပေးအပ်လိုက်သည်။ **(VOA 220610)** Read More...
- မြန်မာနိုင်ငံတွင် နအဖစစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတမှုရှိလိမ့်မည်မဟုတ်ဟု မိမိတို့မှယုံကြည်ကြောင်းနှင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိလိမ့်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ **(RFA 230610)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာနိုင်ငံသည် နိုင်ငံရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးများတွင် ဆိုးဆိုးရွားရွား စိုးရိမ်စရာများရှိကြောင်း အမေရိကန်အခြေစိုက် **the Fund for Peace** ငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့က စစ်တားဆီးရေးနှင့် ပဋိပက္ခဖြစ်မှုလျော့ပါးရေး သုတေသနအဖွဲ့၏ ထုတ်ပြန်လိုက်သည့်စာတမ်းတွင် ဖော်ပြထားသည်။ **(VOA 210610)** **Read More...**
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စုဝေးဟောပြောခြင်း ပြုလုပ်ရာတွင် အလံများကိုင်ဆောင်၍ စီတန်းလှည့်လည်ကြွေးကြော်ချီတက်ခြင်းမပြုရဟူသော စည်းကမ်းချက်သည် လူ့အခွင့်အရေးကိုချိုးဖောက်ခြင်းဖြစ်ကြောင်း လွတ်လပ်သောရွေးကောက်ပွဲဆိုင်ရာအာရှကွန်ရက် **(Asian Network for Free Elections - ANFREL)** အဖွဲ့မှ မီဒီယာနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သော **Bidhayak Das** ကပြောသည်။ **(Irrawaddy 240610)** **Read More...**

---

***End of report/ Saturday, June 26, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---